ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၆) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၁း၁၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၁း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း စင်မြင့်ရှေ့မှာ နေရာယူ ပေးဖို့ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ် များအားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာတိုင်ပေးတဲ့အခါ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

“ကျွန်ုပ် ဦးစိုးသိန်း သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

**ဥက္ကဋ္ဌ။** ။ နေရာပြန်ထိုင်နိုင်ပါပြီ။ အားလုံးထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ယနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၇၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး

အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၆-၄-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုင်းဝမ်းလိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)၊ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဦးချစ်ထွေး၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊

ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) နှင့် ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ခွင့်ပန်ကြား သူ(၁၅)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ (၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ထားပါတယ်။

ပထမဦးစွာ စင်ကာပူသမ္မတနိုင်ငံ၊ စင်ကာပူပါလီမန်ဥက္ကဋ္ဌ H.E. Madam HALIMAH YACOB က ပေးပို့တဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပါမယ်။ သဝဏ်လွှာပါ အကြောင်းအရာကတော့ -

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် ခန့်အပ်ခံရမှုအတွက်လည်းကောင်း၊ အဆွေတော်အား မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုပါကြောင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှာ ပြည်သူချင်းဆက်ဆံမှု ကောင်းမွန်ခြင်း၊ တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ တိုးတက်အောင်မြင်လာသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ အဆင့်မြင့် နိုင်ငံရေးပုဂ္ဂိုလ်ကြီးများတို့၏ အပြန်အလှန်လည်ပတ်ခြင်းတို့ဖြင့် အသွင်ဖော်ဆောင်ထားသည့် နှစ်ကြာရှည်စွာ တည်တံ့ခဲ့သော ဆက်ဆံရေးကောင်း ရှိခဲ့ပါကြောင်း၊ ယခုနှစ်သည် မြန်မာနှင့် စင်ကာပူတို့၏ သံတမန်ဆက်သွယ်မှု၏ နှစ်(၅၀)ပြည့် နှစ်ဖြစ်သဖြင့် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ အဆွေတော်နှင့် အဆွေတော်၏ လုပ်ဖော်ကိုင်ဖက်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြားတွင် ဆက်ဆံရေး ပိုမိုမြင့်တင်နိုင်ရန် မျှော်ကိုးပါကြောင်း၊ နှစ်ဖက်အဆင်ပြေသည့်အချိန် တစ်ချိန်ချိန်တွင် စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်ရန် အဆွေတော်အား ဖိတ်ခေါ်လိုပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပါမောက္ခ ပုန်ပတ်ချ်ဝီချစ်ချိုချိုင်း က ပေးပို့တဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြပါမယ်။ သဝဏ်လွှာပါ အကြောင်းအရာကတော့ -

ထိုင်းနိုင်ငံပြည်သူတို့၏ ကိုယ်စားလည်းကောင်း၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလည်းကောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခန့်အပ်ခံရမှုကို လှိုက်လှဲစွာ ဂုဏ်ပြုလိုပါသည်။

ယခု အခွင့်အလမ်းကို အသုံးချ၍ ကျွန်တော်တို့ နှစ်နိုင်ငံအကြား လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်သည် အဆွေတော်၏ အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ထပ်လောင်းတင်ပြလိုပါသည်။

အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုအောက်တွင် ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကြား ရှိနှင့်ပြီးသော နှစ်နိုင်ငံနှစ်ပေါင်းကြာရှည်ဆက်ဆံမှုနှင့် အပြုသဘော

ဆောင်သော ပူးပေါင်းဆောင်ရွက်မှုတို့မှာ လာမည့်နှစ်များအတွင်း ပို၍ပို၍ အင်အားတောင့်တင်း လာမည်ဟူ၍ ကျွန်ုပ် အခိုင်အမာ ယုံကြည်ပါသည်။

အဆွေတော်သည် မိမိ၏ လေးစားမှုအပြည့်ကို လက်ခံပါရန် ဆုတောင်းအပ်ပါသည်။

ဆက်လက်ပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ မစ္စတာချိုတဲဘော့ က ပေးပို့တဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြပါမယ်။ သဝဏ်လွှာပါ အကြောင်းအရာကတော့ -

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သ အပ်ပါသည်။

အဆွေတော်နှင့် အမျိုးသားလွှတ်တော်အနေဖြင့် နောင်လာမည့် နှစ်များအတွင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာဝပြောရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်မှု များ ရရှိပါစေရန် ဆန္ဒပြုအပ်ပါသည်။

ဆက်လက်ပြီး ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ ချွန်ယွီဟွာ က ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြပါမယ်။ သဝဏ်လွှာပါ အကြောင်းအရာကတော့ -

ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားလွှတ်တော်ကိုယ်စား အဆွေတော်အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုလိုပါကြောင်း။ အဆွေတော်နှင့် မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် မိမိအနေဖြင့် အထူးအလေးပေးပါသည်။ အဆွေတော်နှင့် မိမိတို့၏ လွှတ်တော်နှစ်ရပ်အကြားတွင် ပူးပေါင်း ဆောင်ရွက်မှုနှင့် အပြန်အလှန်ဆက်ဆံမှု ထပ်မံဖြစ်ထွန်းရေးအတွက် မျှော်ကိုးပါကြောင်း။ မိမိအနေဖြင့် အဆွေတော်အား လှိုက်လှဲစွာ ဂုဏ်ပြုချီးကျူးလျက် အဆွေတော်အနေဖြင့် ကျန်းမာ၊ ချမ်းသာပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်မှုအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆက်လက်ပြီး ဂျပန်နိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E Mr. Masaaki Yamazaki က ပေးပို့တဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပါမယ်။ သဝဏ် လွှာပါ အကြောင်းအရာကတော့ -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရာထူးကို အဆွေတော် စတင်တာဝန်ယူ ဆောင်ရွက်သည့် အခါသမယတွင် ဂျပန်နိုင်ငံ၏ အထက်လွှတ်တော်ကို ကိုယ်စားပြု၍ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

နောက်ပိုင်းတွင်လည်း ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလွှတ်တော်အကြား ကူးလူး ဆက်ဆံရေးကို တိုးမြှင့်ရာမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရန် မျှော်လင့် မိပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဆက်လက်ပြီး ကူဝိတ်နိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာမားဇုဂ်အလီအယ်လ်ဂနင်မ်က ပေးပို့တဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြပါမယ်။ သဝဏ်လွှာပါ အကြောင်းအရာကတော့ -

အဆွေတော်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

ဤရွေးကောက်တင်မြှောက်ခံရမှုသည် အဆိုပါ လေးစားထိုက်သောရာထူး၏ တာဝန်ဝတ္တရားများကို အဆွေတော်အနေဖြင့် အပြည့်အဝ ထမ်းဆောင်နိုင်မည်ဟူသော ယုံကြည်မှုကို ပြသခြင်း ဖြစ်ပါသည်။

အဆွေတော်အနေဖြင့် ကျွန်ုပ်တို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြားမှာရှိသော အပြန်အလှန်ဆောင်ရွက်မှုတို့ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်လျက် အဆွေတော်အား အောင်မြင်မှုများ အဆက်မပြတ် ဆက်တိုက်ရပါစေဟု ဆုတောင်းအပ်ပါသည်။ ဤပန်းတိုင်သည် ကျွန်ုပ်တို့ လွှတ်တော်အမတ်များ အားလုံးတို့၏ ဘုံပန်းတိုင် ဖြစ်ပါသည်။

ကျွန်ုပ်၏ လေးစားမှုကို အပြည့်အဝ လက်ခံပါရန် မေတ္တာ ရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၃၁-၃-၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က အဆို တင်သွင်းပြီး အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁-၄-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ အမျိုးသားလွှတ်တော် အစည်းအဝေးများကို မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ခေတ္တရပ်နားမှာဖြစ်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]